အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် ဆရာဝန်များထံတွင် လာဘ်စား

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၁၅ ရက်၊ ၂၀၀၃ ခုနှစ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် မော်လမြိုင်မြို့ပေါ်ရှိ ဆရာဝန်အကျော်အမော်များထံတွင် လာဘ်စားခဲ့ကြောင်း ဆရာဝန်တို့နှင့် အနီးစပ်ဆုံးသူတို့က ဆိုပါသည်။

အရှေ့တောင်တိုင်းတွင် မိမိတာဝန်ယူနေသည့် သက်တမ်းတစ်လျှောက်တွင် ဆေးခန်းဖွင့်ခွင့် ပြုပေးရန်အတွက် ဗိုလ်ချုပ်သူရမြင့်အောင်သည် ဆရာဝန်များထံမှ ငွေသိန်းမြောက်များစွာ လာဘ်စားခဲ့ကြောင်း သိရပါသည်။

တိုင်းမှူးသည် မော်လမြိုင်မြို့တွင် နာမည်ကျော် ရောဂါရှာဖွေရေးဆရာဝန် ဒေါက်တာငြိမ်းဆွေအပေါ်တွင် ငွေကျပ် (၂၅) သိန်းကိုလည်းကောင်း၊ အထူးခွဲစိတ်ကုသဆရာဝန် ဒေါက်တာဦးတင်ကို ငွေကျပ် (၂၀) သိန်းကို လည်းကောင်း ဆေးခန်းဖွင့်ခွင့်ပေးရန်အတွက် ငွေယူခဲ့ပါသည်။

၄င်းငွေများသည် တရားဝင်အကောက်အခွန်ငွေ မဟုတ်ကြောင်း၊ တိုင်းမှူးကို ငွေမပေးလျှင် ဆေးခန်းဖွင့်ခွင့် မရှိကြောင်း ဆရာဝန်နှင့် နီးစပ်သူတို့က ဆိုပါသည်။

ယခုလို နာမည်ကျော် ဆရာဝန်များကဲ့သို့ တခြားဆရာဝန်များတွင်လည်း လာဘ်ငွေယူခဲ့ကြောင်း၊ ယခုလို ငွေပေးရတာကြောင့် ဆရာဝန်များသည် ရောဂါသည်အပေါ်တွင် ဆေးဝါးကုသခ မြင့်မားစွာယူရခြင်းဖြစ်သည်ဟု ဆရာဝန်နှင့် နီးစပ်သူတို့က ပြောပါသည်။

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် ပြီးခဲ့သည့်နှစ်ကတည်းက အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင် တာဝန်ယူခဲ့ပါသည်။ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တာဝန်ရှိသူများ၊ မော်လမြိုင်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့မှ တာဝန်ရှိသူများနှင့် အမှတ် (၅) စစ်ထောက်လှမ်းရေးတို့က ဆရာဝန်များ အနောက်တွင်နေပြီး ရောဂါသည်များအပေါ်ကို စစ်ဆေးနေကြပါသည်။

နိုင်ငံခြားမှ အလုပ်လုပ်ပြန်လာသူများအပေါ်ကို ပိုမိုစစ်ဆေးနေပြီး၊ HIV ရောဂါပိုးရှိသူများနှင့် မသက်ာသည့်ရောဂါသည်များကို ဆေးထိုးသတ်နေကြောင်း သိရပါသည်။